MINISTRY OF EDUCATION
*Te Tāhuhu o te Mātauranga*

# မိဘများအတွက် NCEA သတင်းအချက်အလက်
## NCEA: information for parents

### NCEA ဆိုတာဘာလဲ။

NCEA သည် နယူးဇီလန်ရှိအလယ်တန်းကျောင်းသူ/သားများအတွက်အဓိကကျသည့်ပညာအရည်အချင်းဖြစ်ပါသည်။

NCEA မှာ ပညာရေးအောင်မြင်မှုအစိုးရအောင်လက်မှတ် (National Certificate of Educational Achievement) ဖြစ်ပြီး ၊ အဆင့် ၁-၂-၃ (Level 1, 2, 3) ကို ၊ (၁၁)တန်းမှ (၁၃)တန်းထိ ကျောင်းသူ/သားများလေ့လာသင်ကြားနိုင်ပါသည်။

### မိမိ၏ကလေးသည် NCEA သို့ ဘာကြောင့်ရှေးရှုဆောင်ရွက်သင့်ပါသလဲ။

NCEA သည် အလယ်တန်းကျောင်းသူ/သား အားလုံးအတွက်ဖြစ်ပါသည်။ အချို့ကျောင်းသူ/သားများမှာ တက္ကသိုလ်တန်းသို့ တက်ရောက်ရန်ရည်မှန်းပြီး ၊ အခြားကျောင်းသူ/သားများမှာ အလုပ်သင်အဖြစ် ဝင်ရောက်လုပ်ကိုင်ရန် စီမံလျာထားကြပါသည်။ အချို့မှာ လက်တွေ့ကျသောအတတ်ပညာများကိုအများဆုံးသင်ယူလိုကြပြီး ကျောင်းပြီးသည်နှင့်တပြိုင်နက် အလုပ်အကိုင်ရရှိလိုကြပါသည်။

သင့်ကလေး၏အနာဂတ်သက်မွေးမှုပညာရပ်စီမံရေးအတွက် မှန်ကန်သည့် NCEA ဘာသာရပ်များကိုရွေးချယ်ရန် အရေးကြီးပါသည်။

### မိမိ၏ကလေးသည် NCEA ကိုမည်သို့ရရှိပါမလဲ။

လွန်လေပြီးခဲ့သောအချိန်များတွင် ကျောင်းသူ/သားများ သည် ဘာသာရပ်တစ်ခုမှမည်သည့်အရာများ ကိုသင်ယူနိုင်ခဲ့သည်ကိုသိရှိရန်အတွက် နှစ်အကုန် တွင် ၃-နာရီကြာ စာမေးပွဲကြီးကိုဖြေဆိုခဲ့ကြရပါသည်။

NCEA တွင် အရေးကြီးသော အစိုးရစာမေးပွဲများသည် (ပြင်ပမှစမ်းစစ်ခြင်း – external assessment ဟုလည်းခေါ်သည်) နှစ်အကုန်၌ရှိနေဆဲဖြစ်ပါသည်။ သို့သော် သင့်ကလေးကို နှစ်စဉ် စာသင်နှစ်တလျှောက်လုံးတွင် စစ်ဆေးစမ်းစစ်နေမည်ဖြစ်ပါသည်။ ၎င်းကို ကျောင်းတွင်း၌သာ စစ်ဆေးခြင်းဖြစ်သောကြောင့် ကျောင်းတွင်းစမ်းစစ်ခြင်း (internal assessment) ဟုခေါ်ပါသည်။

NCEA ရှိဘာသာရပ်များ၌ စံချိန်အဆင့် (အောင်မြင်မှုစံချိန်အဆင့်များ - Achievement Standards နှင့် တစ်ခုချင်းအလိုက်စံချိန်အဆင့်များ - Unit Standards) ပါဝင်သည်။ ဤအကြောင်းများကို ကျောင်းသူ/ကျောင်းသားများ သိရှိထားရန်လိုအပ်ပြီး စံချိန်အဆင့်မှီအောင်စွမ်းဆောင်နိုင်ရမည်လည်းဖြစ်ပါသည်။

စံချိန်အဆင့်တိုင်းအတွက်အမှတ်(credits)များရရှိပြီးအမှတ်များကို နောက်ဆုံးအရည်အချင်းသို့တိုင်အောင် ယူဆောင်သွားပါသည်။ အဆင့်(၁)-အင်္ဂလိပ်စာ ကဲ့သို့သောဘာသာရပ်တွင် စံချိန်အဆင့် (၄) မှ (၁၀)ထိရှိပြီး ၊ စုစုပေါင်း (credits) အမှတ် (၂၀) သို့မဟုတ် ၂၀-အထက် ရရှိမည်ဖြစ်ပါသည်။

အင်္ဂလိပ်စာဘာသာရပ်တစ်ခုလုံးအတွက် ၃-နာရီ စာမေးပွဲဖြေရမည့်အစား၊ ဘာသာသာရပ်သင်ရိုးတွင် နည်းလမ်းတကျအရေး အသားစံချိန်အဆင့် (အလုပ်လျှောက်လွှာအရေအသားအစရှိသဖြင့်) နှင့် နောက်ထပ်အဆင့်တစ်ခုအဖြစ် ဖန်တီးမှုရှိပြီး စကားပြောနိုင်မှုစွမ်းရည်အဆင့်တို့ပါဝင်နိုင်သည်။ ထိုအဆင့်များမှ အချို့အဆင့်ကို နှစ်ကုန်စာမေးပွဲတွင်စစ်ဆေးမည်ဖြစ်ပြီး ၊ အချို့ကိုတစ်နှစ်လျှောက်လုံးတွင်အကဲဖြတ်စမ်းစစ်သွားမည်ဖြစ်ပါသည်။

ကျောင်းသူ/သားများသည်အမှတ်(credits)များကိုတစ်နှစ်ပတ်လုံးတွင်စုသွားနိုင်သည်။ သို့မဟုတ် တစ်နှစ်ထက်ပိုပြီးလည်း စုပေါင်းသွားနိုင်သည်။ အမှတ်(credits)များကိုတစ်ကြိမ်ရပြီးသည်နှင့် အမြဲတမ်းရှိနေမည်ဖြစ်ပါသည်။ အမှတ်များပေါင်းပေးနေသည့် တလျှောက်တွင်လည်း ကျောင်းသူ/သားများမှ အမှတ်(credits)များ ဘယ်လောက်ရရှိသည်ကိုလည်းမေးမြန်းသိရှိနိုင်ပါသည်။

## NCEA အတွက်ဘာတွေလိုအပ်သလဲ။

NCEA အဆင့်တစ်ဆင့်စီတွင် ကျောင်းသူ/သားများမှ အမှတ် (credits) (၈၀) ရရှိထားရပါမည်။ ထိုအမှတ်(credits)များတွင် အဖတ် ၊ အရေး နှင့် သင်္ချာ (စာတတ်မြောက်မှုနှင့်ဂဏန်းအတွက်အချက်) များမှ အချို့သောအဆင့်များပါဝင်ရန်လည်း လိုပါသည်။

| | |
|---|---|
| **အဆင့် (၁)** (Level-1) | စာတတ်မြောက်မှုအပိုင်းမှ credits (၁၀)မှတ်နှင့်ကိန်းဂဏန်းအတွက်ပိုင်းမှ credits (၁၀)မှတ်အပါအဝင် အဆင့်(၁)နှင့်အထက်တွင် အမှတ်စုစုပေါင်း credits (၈၀) ရရှိရမည်။ |
| **အဆင့် (၂)** (Level-2) | စုစုပေါင်း (credits) အမှတ်(၈၀) – အဆင့်(၂)မှအနည်းဆုံး(credits)အမှတ်(၆၀) နှင့် မည်သည့်အဆင့်မှမဆို (credits) အမှတ်(၂၀)။ အဆင့်(၁)မှစာတတ်မြောက်မှုနှင့်ကိန်းဂဏန်းအတွက်အချက်လည်းပြည့်မှီရမည်။ |
| **အဆင့် (၃)** (Level-3) | စုစုပေါင်း(credits) အမှတ်(၈၀) - အဆင့်(၃) (သို့) အထက်မှ အနည်းဆုံး(credits) အမှတ်(၆၀)နှင့် အဆင့်(၂)မှ (credits) အမှတ်(၂၀)။ |

## သင့်ကလေး၏ (Credits) အမှတ်စာရင်းထုတ်ပြန်ချက်များကိုနားလည်သိရှိခြင်း။

သင့်ကလေး၏(credits)အမှတ်စာရင်းများရရှိသည့်အခါ ကလေးသည်အမှတ်မည်မျှရကြောင်းကိုသင်သိပါလိမ့်မည်။ ထို့အပြင် သင့်ကလေး၏အမှတ်စာရင်းထုတ်ပြန်ချက်များတွင် "NCEA အဆင့်(၁) – အောင်မြင်" ("NCEA level 1, passed") ဆိုသည့်အချက်ထက်မကပို၍သိရှိမည်ဖြစ်ပါသည်။

သင့်ကလေး၏(credits)အမှတ်စာရင်းထုတ်ပြန်ချက်တွင်စံချိန်အဆင့်တဆင့်စီကို အတိုကောက်မှတ်ချက်များ **(N ၊ A ၊ M ၊ E)** ဖြင့်ဖော်ပြပေးထားပါသည်။

**N = N**ot Achieved (ကျရှုံး) **A = A**chieved (အောင်မြင်) **M = M**erit (တော်) **E = E**xcellence (ထူးချွန်)

## ဘက်စုံမြင့်မားမှုကိုရည်မှန်းပါ။

အနိမ့်ဆုံး (credits) အမှတ်သည် (၈၀)ဖြစ်ကြောင်းသတိပြုပါ။ သင့်ကလေးကို အမှတ်(၈၀)ကျော်ရရှိအောင်ကြိုးစားရန်အားပေးပါ။ အနည်းဆုံး "တော်" (သို့) "ထူးချွန်" မှတ်ချက်များဖြင့် အနိမ့်ဆုံး အမှတ်(၅၀)ရလျှင် ၊ အဆိုပါ "တော်" (သို့) "ထူးချွန်"

များပါရှိသည့်အောင်လက်မှတ်များရရှိမည်ဖြစ်သည်။ ၎င်းကို အောင်လက်မှတ်ရေသွင်းချက် (Certificate Endorsement) ဟုခေါ်ပါသည်။ ထိုမှတ်ချက်သည် ကလေးကျောင်းထွက်သည့်အခါ အလုပ်ရရှိရန် (သို့) ရွေးချယ်ရာတက္ကသိုလ်တက်ရောက်ရန်သက်ဆိုင်သူများကိုအမှတ်စာရင်းထုတ်ပြန်ချက်ပြရာတွင် အထောက်အကူပေးပါလိမ့်မည်။

## ဘာသာရပ်များကိုဘယ်လိုရွေးသင့်သလဲ။

NCEA သင်ကြားရန် မှန်ကန်သည့်သင်ရိုးများအတွက် (၉-၁၀)တန်းတွင် စဉ်းစား၍စတင်စီမံထားရန်အရေးကြီးပါသည်။ သင့်ကလေးမှတစုံတရာသက်မွေးဝမ်းကြောင်းမှုကိုစဉ်းစားထားပါကမည်သည့်ဘာသာရပ်များယူရမည်ကိုသက်မွေးဝမ်းကြောင်းမှုအတတ်ပညာအကြံပေးများ (careers advisors) ၊ တက္ကသိုလ်ဌာနမှူးများ ၊ ဆရာ/မများထံတွင်စုံစမ်းမေးမြန်းရန် အရေးကြီးပါသည်။

## တက္ကသိုလ်ဝင်ခွင့်အဆင့်အတွက်ဘာတွေလိုသလဲ။

တက္ကသိုလ်ဝင်ခွင့်အဆင့်အတွက် ကျောင်းသူ/သားများသည် NCEA အဆင့်(၃) အောင်မြင်ထားရန်လိုအပ်ပြီး ၊ သတ်မှတ်ထားသည့်ဘာသာ(၃)ခုကို (credits) အမှတ်(၁၄)မှတ်စီ ရရှိရမည်ဖြစ်ပါသည်။ စာတတ်မြောက်မှု(literacy)နှင့် ကိန်းဂဏန်းအတွက်အချက်(numeracy)ကိုလည်း ပြည့်မှီရန်လိုအပ်ပါသည်။

တက္ကသိုလ်ဝင်ခွင့်အဆင့်သည် နယူးဇီလန်တက္ကသိုလ်တန်းတွင် လေ့လာသင်ကြားရန်အတွက်အနိမ့်ဆုံး သတ်မှတ်ချက်ဖြစ်ပါသည်။ တက္ကသိုလ်အများအပြားနှင့်အခြားတက္ကသိုလ်ကောလိပ်အဆင့်အဖွဲ့အစည်းများတွင် အပိုသတ်မှတ်ချက်များ ၊ ဘာသာရပ်အလိုက်သီးသန့်ဝင်ခွင့်သတ်မှတ်ချက်များရှိကြပါသည်။

## ကျောင်းတွင်မိမိ၏ကလေးသည်အခြားပညာအရည်အချင်းများကိုရည်မှန်းထားနိုင်ပါသလဲ။

သင့်ကလေး၏ကျောင်းမှ NCEA အပြင် အခြားအစိုးရအသိအမှတ်ပြုအောင်လက်မှတ်များကိုလည်း ထုတ်ပေးကောင်းပေးပါလိမ့်မည်။ ၎င်းတို့တွင် လုပ်ငန်းစီမံခန့်ခွဲရေး ၊ ကွန်ပြူတာပိုင်းဆိုင်ရာ ၊ ဧည့်ဝတ်ပျူငှာမှု (အစားသောက်နှင့်အဖျော်ယမကာဝန်ဆောင်မှုများ) ၊ စက်မှုအင်ဂျင်နီယာနည်းပညာ ၊ ခရီးသွား နှင့် အင်္ဂလိပ်ဘာသာလေ့လာမှုနယူးဇီလန်အောင်လက်မှတ် (NZCEL – New Zealand Certificate in English Language Learning) တို့ပါဝင်နိုင်ပါသည်။ သင့်ကလေးစိတ်ဝင်စားသည့်နယ်ပယ်ကဏ္ဍအတွက် မည်သို့သောအစိုးရအသိအမှတ်ပြုအောင်လက်မှတ်များ ထုတ်ပေးနိုင်သည်ကို ကျောင်းတွင်မေးမြန်းပါ။

ကျောင်းသူ/သား၏ အချို့သော ဆောင်ရွက်ချက်များ(စွမ်းရည်ရှိမှုတစ်ခုမကအတွက်)ကို (credits) အမှတ်များရရှိပြီး အမှတ်အားလုံးကို NCEA သို့ပေါင်းသွားနိုင်ပါသည်။ အချို့သောအတတ်ပညာများကိုကျောင်းတွင်ပြီးဆုံးအောင်လေ့လာနိုင်သော်လည်း ၊ အခြားတတ်ကျွမ်းမှုအတတ်ပညာများကိုကျောင်းတွင်စတင်လေ့လာသင်ကြားပြီး လုပ်ငန်းခွင် သို့မဟုတ် တက္ကသိုလ်ကောလိပ်ပညာရေးများတွင်ပြည့်စုံပြီးဆုံးနိုင်ပါသည်။

## မိဘများအတွက်အကြံပြုချက်များ

- သင့် သား/သမီး ကို NCEA နှင့်ပက်သက်၍မည်သို့စီမံဆောင်ရွက်ပုံအကြောင်းကိုမေးပါ။ ကျောင်းသူ/သားအများစုကောင်းစွာသိရှိကြပါသည်။

- သား/သမီး၏လေ့လာဆည်းပူးမှုကိုကူညီပေးပါ။ ဥပမာ - အချိန် ၊ နေရာ ၊ အိမ်စာဝိုင်းလုပ်ပေးခြင်း အစရှိသဖြင့်ထောက်ပံ့ကူညီပေးပါ။ နောက်ဆုံးစာမေးပွဲကြီး တစ်ခုမျှသာမဟုတ်ပဲ တစ်နှစ်ပတ်လုံးတွင်သူတို့ကိုအကဲဖြတ်စစ်ဆေးနေသည်ကိုသတိရပါ။

- သင်၏သား/သမီးအတွက်ဘာသာရပ်များကိုရွေးချယ်ရန်ကူညီပေးသည့်အခါ အဆင့်(၁)/Level-1 တွင်ကျယ်ကျယ်ပြန့်ပြန့်ယူရန်အားပေးပါ။ အဆင့်(၂)/ Level-2 နှင့် အဆင့်(၃)/ Level-3 တွင် ပြတ်သားစွာလေ့လာမည့် အနာဂတ်ပညာသင်ကြားမှု သို့မဟုတ် သက်မွေးမှုပညာရပ်တစ်ခုအတွက် နယ်ပယ်များကိုစတင်စဉ်းစားရန်အားပေးပါ။

- သား/သမီး ကိုပိုမိုမြင့်မား "တော်" "Merit" ၊ "ထူးချွန်" "Excellent" အစရှိသည့်မှတ်ချက်များ မှတ်ချက်အဆင့်များ ရရှိရန်အားပေးပါ။ ထိုမှတ်ချက်အဆင့်များသည် ကလေးတို့၏သက်မွေးဝမ်းကျောင်းတက်လမ်းကို ပိုမိုကောင်းမွန်စေသည်။ သို့တည်းမဟုတ် ၎င်းတို့ရွေးချယ်သည့် တက္ကသိုလ်ဘာသာရပ်အတွက် တက္ကသိုလ်ဝင်ခွင့်အခွင့်အလမ်းအတွက်လည်းပိုမိုကောင်းမွန်စေပါသည်။

- သင့် သား/သမီးသည် သက်မွေးမှုတစုံတရာ (သို့) တက္ကသိုလ်ဘာသာရပ်ကိုစဉ်းစားထားလျှင် ၎င်းတို့သင်ကြားလိုသော ဘာသာရပ်အတွက် သင်ကြားပေးသည့်တက္ကသိုလ် (သို့) တက္ကသိုလ်အဆင့်အဖွဲ့အစည်းများထံတွင် တက်ရောက်ရန် လိုအပ်သော အဆင့်(၂)/ Level-2 သို့မဟုတ် အဆင့်(၃)/ Level-3 စံချိန်အဆင့်သတ်မှတ်ချက်များကိုစုံစမ်းပါ။

- သင့်သား/သမီး တိုးတက်ပုံပြောင်းလဲနေမှုအပေါ် ညွှန်ကြားပြသရန်ဆရာ/မများထံ မေတ္တာရပ်ခံပါ။ ကျောင်းအများစုတွင်လည်း မိဘများအတွက်အလွန်အကျိုးပြုသည့်ပညာအရည်အချင်းသတင်းအချက်အလက်ဆွေးနွေးပွဲများ ကျင်းပပေးပါသည်။

- NCEA သတင်းအချက်များကို NZQA အင်တာနက်ဝက်ဆိုက် www.nzqa.govt.nz/ncea တွင်ကြည့်ရှုနိုင်ပါသည်။